# နယ်ခြားစောင့်တပ်အဖြစ် စစ်သည်အင်အား ၆၀,၀၀၀ပြည့်အောင် စုဆောင်းသွားရမည်ဟု ဒီကေဘီအေပြောဆို

**မေလ ၁၉ရက်။ နန်းဖော့ဂေ (ကေအိုင်စီ)**

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်(ဒီကေဘီအေ)ကို နယ်ခြားစောင့်တပ်အဖြစ် သတ်မှတ်ထားသည့် စစ်သည်အင်အား ၆၀,၀၀၀ပြည့်အောင် စုဆောင်းသွားရမည်ဟု မေလ ၁၇ရက်နေ့က ပြီးစီးသွားခဲ့သည့် တပ်မဟာ(၉၉၉)၏ တပ်ရင်းများ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်ဟု ကရင်သတင်းစဉ်က စုံစမ်းသိရှိရသည်။

မြဝတီမြို့နယ်၊ ရွှေကုက္ကိုကျေးရွာ၏ ခမ်းမဆောင်တွင် မေလ (၁၃)ရက်နေ့မှ (၁၇)ရက်နေ့အထိ ငါးရက်ကြာ ကျင်းပသည့် ဒီကေဘီအေ တပ်မဟာ(၉၉၉)၏ တပ်ရင်းပေါင်းစုံအစည်းအဝေးတွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောချစ်သူက သဘာပတိအဖြစ် ပြုလုပ်ခဲ့ပြီး တပ်ရင်းတရင်းလျှင် စစ်သည်အင်အား ၃၂၆ဦးဖြင့် ဒီကေဘီအေအဖြစ်မှ နယ်ခြားစောင့်တပ်အနေဖြင့် စုစုပေါင်းအင်အား ၆၀,၀၀၀အထိ သတ်မှတ်ထားရှိသွားရမည်ဟု အစည်းအဝေးတွင် ပြောဆိုသွားကြောင်း ဒီကေဘီအေ အရာရှိတဦးက ပြောသည်။

သူက "ဒီကေဘီအေရဲ့ တပ်အင်အားကို ၆၀,၀၀၀အထိ ပြည့်အောင်ဖြည့်တင်းရမယ်လို့ သဘာပတိက အစည်းအဝေးမှာ ပြောတယ်။ တပ်ရင်းတရင်းကို ၃၂၆ဦး သတ်မှတ်ထားတယ်။ အဲလိုကောက်ယူစုဆောင်းတဲ့နေရာမှာ ကျေးရွာသူကြီးတွေကလည်း ကိုယ့်ရွာရဲ့လူဦးရေ အနည်းအများအလိုက် တာဝန်ယူပေးရမယ်။ အင်အားပြည့်တာနဲ့ နအဖတပ်တွေက နယ်စပ်မှာမနေတော့ဘဲ နောက်တန်းကိုပြန်ဆုတ်သွားမယ်လို့ ပြောတယ်"ဟု အဆိုပါအရာရှိက ကရင်သတင်းစဉ်ကို ပြောသည်။

ထိုအစည်းအဝေးတွင် (၉၉၉)လက်အောက်ခံ တပ်ရင်းအသီးသီးမှ တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူး၊ ရုံးထိုင်မှူး၊ တပ်ရေးဗိုလ်၊ ဘဏ္ဍာရေးမှူးများအပြင် ၎င်းတပ်ရင်းများ အခြေစိုက်ရာ ကျေးရွာပေါင်း ၅၀ကျော်မှ ရွာသူကြီးများလည်း တက်ရောက်ခဲ့ကြရာ ကျေးရွာသူကြီးတဦးက "ကောင်းမယ်ထင်လို့ လုပ်တာဆိုရင် ကျနော်တို့အနေနဲ့ ဘာမှပြောစရာမရှိပါဘူး"ဟု အစည်းအဝေးတွင် ပြောကြားသွားကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ဒီကေဘီအေမှ စစ်ဦးစီးချုပ်ဗိုလ်ချုပ်စောကျော်သန်း၊ စစ်ဗျူဟာမှူးဗိုလ်မှူးကြီးစောချစ်သူတို့ နေပြည်တော်သို့ သွားရောက်၍ နအဖစစ်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံခဲ့ရာမှ ယခုလို ညွှန်ကြားပြောဆိုလိုက်ခြင်းဖြစ်ကြောင်း ထိုနေ့အစည်းအဝေးတွင် ဗျူဟာမှူးက ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

နအဖ၏ ညွှန်ကြားချက်များ၌ အသက် ၅၀ကျော်သူများအား တလလျှင် ကျပ် ၃၀၀၀နှင့် အငြိမ်းစားပင်စင်ပေးသွားရန်၊ သာမန်စစ်သည်တဦးလျှင် လစာငွေကျပ် ၂၅၀၀၀မှ တပ်ရင်းမှူးတဦးလျှင် ကျပ်ငွေတသိန်းခွဲအထိ ရာထူးအဆင့်လိုက် ပုံမှန်ထောက်ပံ့သွားမည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် နယ်ခြားစောင့်တပ်တွင် တပ်ရင်းတရင်းလျှင် ဗိုလ်မှူး ၆ဦးသတ်မှတ်ကာ အမြင့်ဆုံးရာထူးအဖြစ် ဗိုလ်မှူးအဆင့်ထိသာ ထားရှိသွားမည်ဖြစ်သော်လည်း ထိုအခြေအနေကို ဒီကေဘီအေ ဗဟိုအတိုင်းအတာတခုလုံးက လက်မခံနိုင်ကြောင်း နေပြည်တော်သို့ တင်ပြထားသည်ဟု သိရသည်။

ယခု တပ်မဟာအတိုင်းအတာနှင့် အစည်းအဝေးပြီးနောက် တပ်ရင်းတခုစီမှ ၎င်းတို့တာဝန်ကျရာ နယ်မြေများတွင် ရွာသူကြီးများနှင့် ရွာသူရွာသားများကို ဒေသဆိုင်ရာတပ်ရင်းများက တပ်အင်အားစုဆောင်းရေးကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးချပြကာ စစ်သည်အင်အားဖြည့်တင်းရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၉၉၉)တပ်ရင်းအခြေစိုက်ရာ လှိုင်းဘွဲ့မြို့နယ်မှ ဝင်းဖလရွာသူတဦးက "ကျမတို့ရွာမှာက အိမ်ခြေတရာကျော်လောက်ပဲရှိတယ်။ ရွာသားတွေက စားဝတ်နေရေးကြပ်တည်းနေရတဲ့အထဲ ဘယ်သူမှ စစ်သားမလုပ်ချင်ကြဘူး။ စစ်သားမပေးနိုင်ရင် သူကြီးတွေကလည်း ရွာသားတွေဆီက ပိုက်ဆံကောက်ပြီး လူစားထိုးငှားနေကျဆိုတော့ အခုလည်း အဲလိုပဲလုပ်မယ်ထင်တယ်။ သူတို့ပေးမဲ့လခ နှစ်သောင်းခွဲက အခု ကုန်ဈေးနှုန်းနဲ့ဆိုရင် စားလို့မှမလောက်ပဲ။ ဒီအတိုင်းသာဆိုရင် သိပ်တော့လွယ်မှာမဟုတ်ဘူး"ဟု ကရင်သတင်းစဉ်ကို ပြောသည်။

ဒီကေဘီအေတပ်များသည် အင်အားဖြည့်တင်းပြီးပါက မိမိတို့ကိုင်ဆောင်ထားသည့် လက်နက်များကို နအဖထံ ပြန်လည်အပ်နှံကာ ၂၀၁၀ မတိုင်ခင် နအဖတပ်မှ ကိုင်ဆောင်သည့် လက်နက်အမျိုးအစားအတိုင်း ၎င်းတို့အား ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပြီး အစိုးရမသိအောင် လက်နက်ပုန်းများ ကိုင်ဆောင်ခွင့်မရှိဘဲ လျှို့ဝှက်သိမ်းဆည်းထားသည်ကို သိရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အစည်းအဝေးသဘာပတိက တဆင့်ထုတ်ဖော်ပြောဆိုခဲ့သည်။

ယင်းသို့ စစ်သည်အင်အားစာရင်းနှင့် လက်နက်စာရင်းများ တင်ပြကာ လက်နက်ပြောင်းလဲတပ်ဆင်ပြီးမှသာ နယ်ခြားစောင့်တပ်သင်တန်းကို ပို့ချသွားမည့်အပြင် နယ်ခြားစောင့်တပ်ရင်းများအတွက် နအဖမှ စစ်သုံးကားများနှင့် တပ်ရိက္ခာများလည်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။ နအဖ စစ်အစိုးရသည် ကရင်အပစ်ရပ်အဖွဲ့များအနက် အင်အားအများဆုံးဖြစ်သည့် ဒီကေဘီအေတဖွဲ့တည်းကိုသာ လက်နက်ဝယ်ယူခွင့်ပေးခြင်း၊ လက်နက်ဖြည့်တင်းခွင့်ပေးခြင်း စသည့်(Gun Power)ပေးထားပြီး ကျန်အပစ်ရပ်အဖွဲ့များကို လက်နက်ဝယ်ယူဖြည့်တင်းခွင့်ပေးထားခြင်းမရှိဟု သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ "ဒီကေဘီအေက ကျနော်တို့ အပစ်ရပ်ကရင်အဖွဲ့တွေထဲမှာ အင်အားအကြီးဆုံးအဖွဲ့လည်းဖြစ်တယ်။ နောက်တခုက ကေအဲန်ယူကို ပြန်တိုက်နေတဲ့အဖွဲ့လည်းဖြစ်တော့ နအဖက အဲဒီအတွက် သူတို့ကို လက်နက်ဖြည့်ပေးတာရှိတယ်။ နောက်ပြီး သူတို့ငွေတွေနဲ့ သူတို့ဖာသာ လက်နက်ဝယ်ယူမယ်ဆိုလည်း နအဖက မသိချင်ယောင်ဆောင်နေလိုက်တယ်။ စီးပွားရေးမှာလည်း တခြားအဖွဲ့တွေထက် အခွင့်အလမ်းသာတယ်"ဟု မကြာခင်ကမှ ကေအဲန်ယူသို့ ပြန်လည်ရောက်ရှိလာသူ ငြိမ်းချမ်းရေးကောင်စီ (၇၀၄)တပ်ရင်းမှ ဒုရင်းမှူးဗိုလ်မှူးစောလေးမူးက ပြောသည်။

၂၀၁၀နောက်ပိုင်းတွင် နယ်ခြားစောင့်တပ်ဖြစ်သွားမည့် ဒီကေဘီအေ၏ နယ်မြေကို ကရင်ပြည်နယ်တလျှောက် နယ်စွန် တနင်္သာရီတိုင်းမှ ကယားပြည်နယ်အထိ သတ်မှတ်ပေးထားသည်ဟု ယေဘုယျအားဖြင့် သိရသည်။ လက်ရှိအချိန်တွင် လက်အောက်ခံတပ်ရင်း (၇)ရင်းရှိသည့် တပ်မဟာ(၉၉၉)တွင် စစ်သည်ဦးရေ ၂,၀၀၀ဝန်းကျင်ရှိပြီး ကျန်တပ်မဟာ (၃၃၃)၊ (၅၅၅)၊ (၆၉၉) ဗဟိုလယ်ယာတပ်ဖွဲ့ အပါအဝင် စုစုပေါင်း စစ်သည်အင်အား ၄,၀၀၀နီးပါးရှိသည်ဟု သိရသည်။

ဒီကေဘီအေသည် ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ)မှ ခွဲထွက်ကာ နအဖ စစ်အစိုးရနှင့် ပြန်လည်ပူးပေါင်းသွားပြီး ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် အပစ်ရပ်ကရင်လက်နက်ကိုင်အဖွဲ့ကြီးတခု ဖြစ်သည်။

## ထိုင်း–မြန်မာနယ်စပ်တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲကျင်းပ

**မေလ ၁၉ရက်။ နော်ဝသန် (ကေအိုင်စီ)**

ယခုလက်ရှိ အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးတရားစွဲဆိုခံထားရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ထိုင်း–မြန်မာနယ်စပ် အခြေစိုက် လူထုအခြေပြုအဖွဲ့အစည်းများ(စီဘီအို)က စုပေါင်းဦးဆောင်၍ ယနေ့နံနက်တွင် ဝတ်ပြုဆုတောင်းပွဲတခု ပြုလုပ်ကျင်းပခဲ့ကြသည်။

အဆိုပါဆုတောင်းပွဲကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို စစ်အစိုးရက ပြန်လွှတ်ပေးရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်သည်ဟု ကရင်အမျိုးသမီးအစည်းအရုံး(ကေဒဗလျူအို) အထွေထွေအတွင်းရေးမှူး နန်းဒါးအဲ့ကလယ်က ကရင်သတင်းစဉ်ကို ယခုလို ပြောသည်။

"ကျန်းမာရေးမကောင်းတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး တရားခုံရုံးကို တင်ထားတဲ့အတွက် ကျမတို့ အရမ်းကို စိုးရိမ်တယ်။ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း လွှတ်ပေးစေချင်တယ်။ နောက်တခုက ဒီ ၂၀၁၀ ရွေးကောက်ပွဲအတွက် နအဖရဲ့ မတရားတဲ့ ဥပဒေဟာ ပိုမိုခိုင်လုံသွားရင် ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေအားလုံး ဘဝလုံခြုံမှုမရှိတော့မှာကို စိုးရိမ်လို့ ကျမတို့ လူထုအခြေပြုအဖွဲ့အစည်းတွေအနေနဲ့ ကမကထပြုပြီးတော့ ဆုတောင်းပွဲကို ကျင်းပရတာဖြစ်တယ်"ဟု သူမက ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ လေးစားရသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် လုပ်ဆောင်နေသူဖြစ်ကြောင်း၊ သူမ ယခုလို တရားစွဲဆိုခံရခြင်းသည် မြန်မာတနိုင်ငံတည်းသာမက ဒီမိုကရေစီလိုလားသော နိုင်ငံများအတွက်ပါ ကြီးမားသည့် နစ်နာမှုတခုဖြစ်သည့်အတွက် ဒေါ်စုလွှတ်မြောက်အောင် ဝိုင်းဝန်းဆုတောင်းပေးကြရန် မယ်တော်ဆေးခန်းမှ ဒေါက်တာစင်သီယာမောင်က တိုက်တွန်းပြောဆိုသွားသည်။

ဒေါက်တာစင်သီယာမောင်က "နိုင်ငံတကာက လေးစားဂုဏ်ယူကြတဲ့၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် မြန်မာပြည်သူတွေ အဓိက အားထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ကျန်းမာရေးမကောင်းတဲ့ကြားက အခုလိုအကျဉ်းချခံရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံတခုလုံးသာမကဘဲ ဒီမိုကရေစီလိုလားတဲ့ နိုင်ငံတွေအတွက်ပါ ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုတခုဖြစ်တယ်။ ဒါကြောင့် တန်ဖိုးရှိတဲ့ခေါင်းဆောင်တွေအားလုံး လွတ်မြောက်နိုင်ဖို့အတွက် ကျမတို့နဲ့အတူ ဆုတောင်းပေးကြပါ"ဟု ပြောသည်။

မေလ (၃)ရက်နေ့က အမေရိကန်နိုင်ငံသားတဦး ဒေါ်စု ခြံဝင်းထဲသို့ ရေကူးဝင်ရောက်သွားခဲ့အပေါ် သူမအား နိုင်ငံတော်ကို နှောက်ယှက်ဖျက်ဆီးလိုသူများအား ကာကွယ်စောင့်ရှောက်မှု ဥပဒေပုဒ်မ(၂၂)ဖြင့် ဖမ်းဆီးတရားစွဲဆိုသည့်အတွက်ကြောင့် အမေရိကန်နိုင်ငံအနေနှင့် တာဝန်ရှိကြောင်းနှင့် ၎င်းတာဝန်ရှိမှုအပေါ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေးရန်ယနေ့ထုတ်ပြန်သည့် (စီဘီအို)၏ ကြေညာချက်တွင် တောင်းဆိုထားသည်။

ဆုတောင်းပွဲအခမ်းအနားသို့ ထိုင်း–မြန်မာနယ်စပ်တွင် အခြေစိုက်သည့် လူမှုအဖွဲ့အစည်းများ၊ ဒီမိုကရေစီအင်အားစုမှ ပုဂ္ဂိုလ်များ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ကျောင်းသူကျောင်းသားလူငယ်များ အပါအဝင် လူဦးရေ စုစုပေါင်း ၄၀၀ကျော် လာရောက်ဆုတောင်းခဲ့ကြသည်။

မြန်မာစစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ မဖြစ်မနေ လွတ်ပေးရမည့်အချိန် မကျရောက်မီ နေအိမ်အကျယ်ချုပ်ချထားသည့်အမိန့်ကို ချိုးဖောက်သည်ဆိုသော စွပ်စွဲချက်ဖြင့် မေလ(၁၃)ရက်နေ့က အင်းစိန်အကျဉ်းထောင်သို့ ဖမ်းဆီးကာ တရားစွဲဆိုထားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်ကို တဖက်သတ်စွဲချက်ဖြင့် စစ်အစိုးရ ဖမ်းဆီးချုပ်နှောင်ဟု ကေအဲန်ယူဆို

**မေလ ၁၈ရက်။ စောသိန်းမြင့် (ကေအိုင်စီ)**

နအဖစစ်အစိုးရက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သတ်မှတ်ထားသည့် နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုမှုမှာ တဖက်သတ် စွပ်စွဲချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ကေအဲန်ယူက မေလ ၁၇ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရေကူးပြီး ခိုးဝင်လာသော အမေရိကန်နိုင်ငံသား ဝီလျံယက်တောကို စိတ္တဇဆေးရုံသို့ ပို့ဆောင်ကုသရမည့်အစား ဒေါ်အောင်ဆန်းစုကြည်ကို သတ်မှတ်ထားသည့် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် အင်းစိန်ထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားလိုက်သည့် နအဖစစ်အစိုးရလုပ်ရပ်သည် တရားမျှတမှုမရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

နအဖစစ်အစိုးရသည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမည့် ၂၀၁၀ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်မှုမရှိအောင် သူမအား ကြိုတင်ဖယ်ရှားလိုက်ခြင်းဖြစ်ပြီး ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဝေးသထက်ဝေးအောင် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်ဟု ကေအဲန်ယူ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကေအဲန်ယူ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က "နအဖစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချုပ်နှောင်ထားတာ ဥပဒေမဲ့ လုပ်ဆောင်တာဖြစ်တယ်။ နအဖစစ်အစိုးရက လာမဲ့ ၂၀၁၀ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်မရအောင် ကြိုတင်ကြံစည်လုပ်ဆောင်တာဖြစ်တယ်လို့ ကေအဲန်ယူအနေနဲ့ မြင်ပါတယ်။ အမှန်တကယ်ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဘာအပြစ်မှမရှိပါဘူး။ တချိန်တည်းမှာ ပြောချင်တာက လက်ရှိ ရှုတ်ထွေးနေတဲ့ နိုင်ငံရေးပြဿနာဟာ သုံးပွင့်ဆိုင်ဆွေးနွေးမှသာလျှင် ပြေလည်မှာဖြစ်ပါတယ်"ဟု ပြောသည်။

၎င်းအပြင် ကေအဲန်ယူက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် ဆက်လက်တောင်းဆိုလိုက်သည်။ အလားတူ ဒီမိုကရေစီ လိုလားသည့် ပြည်ပရောက် မြန်မာများကလည်း သံရုံးရှေ့ တောင်းဆိုဆန္ဒပြမှုများနှင့် အစာတော်ခံ ဆန္ဒပြမှုများကို လုပ်ဆောင်လျှက်ရှိသည်။